# ၁၉၅၆ ခုနှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေ၊*

## [၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၈။]
## (၁၉၅၆ ခုနှစ်၊ မတ်လ ၅ ရက်)

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို ၁၉၅၆ ခုနှစ်၊ လူမှုဖူလုံရေး (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၄ ခုနှစ်၊ လူမှုဖူလုံရေးအက်ဥပဒေပုဒ်မ ၁၆ တွင် —

(က) ပုဒ်မခွဲ (၂) ၌ "ထိုအလုပ်သမားများ ရမြဲလစာငွေ၏ သို့တည်းမဟုတ် အခကြေးငွေ၏ ထက်ဝက်ဖြင့်" ဆိုသည့် စကားရပ်အစား၊ "ထိုပုဒ်မတွင် ပြဋ္ဌာန်းထားသည့်အတိုင်း" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၃) အစား အောက်ပါပုဒ်မခွဲကို ထည့်သွင်းရမည် —

"(၃) ဤအက်ဥပဒေတွင် အကျုံးဝင်သည့်အလုပ်ရှင်သည် —

(က) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပုဒ်မ ၆ အရ အလုပ်သမားအားပေးရန် တာဝန်ရှိသော ခွင့်ရက်လစာငွေထဲမှ သို့တည်းမဟုတ် အခကြေးငွေထဲမှ၊ သို့တည်းမဟုတ်

(ခ) ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေအရမဟုတ်ဘဲ၊ ပဋိညာဉ်အရဖြစ်စေ၊ အခြားစီစဉ်ချက်များအရဖြစ်စေ၊ အလုပ်သမားအားပေးရန် တာဝန်ရှိသော မမာမကျန်းမှုနှင့်ဆိုင်သည့် ခွင့်ရက်လစာငွေထဲမှ သို့တည်းမဟုတ် အခကြေးငွေထဲမှ၊ ဤအက်ဥပဒေအရ ထိုအလုပ်သမားရခွင့်ရှိသည့် မမာမကျန်းမှုနှင့် သို့တည်းမဟုတ် ဆေးရုံတက်မှုနှင့်ဆိုင်သည့် အကျိုးခံစားခွင့်ငွေအရေအတွက်ကို နုတ်ယူနိုင်ရမည်။"

* မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၁၇) ရက်၊ စာမျက်နှာ - ၄၄၃။

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၂၅-က အစား အောက်ပါပုဒ်မကို ထည့်သွင်းရမည်—

" ၂၅ — က ။ ။ ဤအက်ဥပဒေတွင် အကျုံးဝင်သည့် အလုပ်ရှင် သည် ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့်အလုပ်ပိတ်ရက် အက်ဥပဒေအရသော်လည်းကောင်း၊ ဝါဏိဇ္ဇပဋိပက္ခခုံရုံး၏ ဆုံးဖြတ်ချက်အရသော်လည်းကောင်း၊ ပဋိညာဉ်အရ သို့တည်းမဟုတ် အခြားစီစဉ်ချက်များအရသော်လည်းကောင်း၊ အလုပ်သမားအားပေးရန် တာဝန်ရှိသည့် မီးဖွားမှုနှင့်ဆိုင်သည့် ခွင့်ရက် လစာငွေထဲမှ၊ သို့တည်းမဟုတ် အခကြေးငွေထဲမှ၊ ဤအက်ဥပဒေအရ ထို အလုပ်သမားရခွင့်ရှိသည့် မီးဖွားမှုနှင့်၊ သို့တည်းမဟုတ် ဆေးရုံတက်မှုနှင့် ဆိုင်သည့် အကျိုးခံစားခွင့် ငွေအရေအတွက်ကို နုတ်ယူနိုင်ရမည်။"

❖ ❖ ❖ ❖ ❖